# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# ၁၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၅- ၁၂ - ၂၀၁၆ ]
# (တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ဝေးလံခေါင်သီသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲကို အထိုက်အလျောက် ထူးချွန်အောင်မြင်ခဲ့သူများအား အဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ကြားရေး၊ တစ်နိုင်ငံလုံး လွှမ်းခြုံသတ်မှတ်ထားသည့် တက္ကသိုလ်ဝင်ခွင့် အမှတ်များကို လျှော့ပေါ့ပေးရေးနှင့် ၄င်းဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲကို သာမန်အောင်မြင်ခဲ့သူများအား ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများသို့ တက်ရောက်နိုင်ရန် နိုင်ငံတော်အစိုးရမှ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **တက္ကသိုလ် ကောလိပ် ဆရာ၊ ဆရာမများကို လက်ထောက်ကထိကရာထူး တိုးမြှင့်ရာတွင် မည်သည့် နည်းလမ်း၊ သတ်မှတ်ချက်များဖြင့် ရာထူးတိုးမြှင့်ပေးသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်းရှိ တောင်ဘုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်း၍ ၁၂၀ ပေ x ၃၀ ပေ ရှိသည့် RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် အသစ်ဆောက်လုပ်ပေးရန်နှင့် မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင် ဟောင်းကို အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကရင်ပြည်နယ် အတွင်းရှိ ဆရာ/ဆရာမအင်အား မလုံလောက်သည့် စာသင်ကျောင်းများတွင် နေ့စား လပေး ဆရာ/ဆရာမများ ထပ်မံ ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိပါက ဒေသခံပြည်သူလူထု၏ ဆန္ဒအတိုင်း ဘွဲ့ရရှိသူများအပြင် ဘွဲ့မရရှိသေးသည့် ဒေသခံအစစ်များကို ဦးစားပေး ရွေးချယ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မွန်ပြည်နယ်၊ ချောင်းဆုံ မြို့နယ်အတွင်းရှိ အန္တရာယ်ရှိကျောင်းဆောင်၊ ဥပဓိရုပ် မကောင်းသည့် ကျောင်းဆောင်နှင့် တိုးချဲ့ကျောင်းဆောင်များအား အသစ်ပြန်လည် တည်ဆောက်ပေးခြင်း၊ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ပေးရန် နှင့် လစ်လပ်လျက်ရှိသော ဆရာ/ဆရာမများအား ပြန်လည်အစားထိုး ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများစွာ အမှတ်ပေါင်းများစွာဖြင့် အောင်မြင်ခဲ့သော်လည်း မိမိအရည်အချင်းနှင့် ကိုက်ညီ၍ မိမိဝါသနာပါရာ အဆင့်မြင့်တက္ကသိုလ်များသို့ မတက်ရောက်နိုင်သော အလွန်ဆင်းရဲသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ သားသမီးများအား နိုင်ငံတော်မှ ပညာသင်စရိတ်ထောက်ပံ့ကြေး (Stipend) ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လက်ရှိဆောင်ရွက်ပေးနေသော ပညာသင်ဆုကြေး (Scholarship) ပမာဏနှင့် အရေအတွက်တို့ကို တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊
  တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။